## ပြစ်မှုဆိုင်ရာအထူးအယူခံမှု

တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊
တရားသူကြီးများဖြစ်ကြသော
ဒေါက်တာတင်အောင်အေးနှင့် ဦးတင်အေးတို့၏ရှေ့တွင်

ကိုသက်ဦး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

### ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ်ချက်ကို မည်သည့်အခါတွင် ခံစားနိုင်ခွင့်ရှိကြောင်း။

**ဆုံးဖြတ်ချက်။** ။ ကိုသက်ဦးသည် ဦးကြည်မောင်အား ကတ်ကြေးဖြင့်ထိုးပြီးနောက် အနီးသို့ရောက်လာသည့် ဦးကြည်မောင်၏ အလုပ်သမားများအား "မင်းတို့နဲ့မဆိုင်ဘူး၊ ဝင်မရှုပ်နဲ့၊ မဆိုင်သူရှေ့မတိုးနဲ့" ဟုပြောဆိုခဲ့ခြင်းကြောင့် ကိုသက်ဦးသည် ဦးကြည်မောင်အား ရန်ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း၊ မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း သိရှိနိုင်သည့်အခြေအနေရှိကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည်

---

* ၂၀၀၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၄။

\+ ၂၀၀၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၅၉(ခ) တွင် ချမှတ်သော ၉-၁၀-၂၀၀၇ ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၏ အမိန့်ကို အထူးအယူခံမှု။

မိမိ၏ ငယ်ပါကိုလှီးဖြတ်ခြင်းကြောင့် စိတ်ဖောက်ပြန် စိတ်ပေါ့သွပ်နေသူဖြစ်သည်ဟု ကောက်ယူနိုင်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ ဤအမှုတွင် အချင်းဖြစ်ချိန်က တရားခံသည် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊ သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆရာဝန်၏ဆေးစာအား နည်းလမ်းတကျတင်ပြနိုင်ခြင်းမရှိသည့်ပြင် အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရသူတစ်ဦးဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ကျူးလွန်ခဲ့သည့်ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ ပြစ်မှုကင်းလွတ် ခွင့်ရနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဦးမြင့်သွင်
တရားရုံးချုပ်ရှေ့နေ

အယူခံတရားခံအတွက် - ဒေါ်သင်းသင်းမြ
ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

မိတ္ထီလာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၆၇၆/၀၆ တွင် တရားခံ ကိုသက်ဦးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ အရ ထောင်ဒဏ် (၅) နှစ်၊ ပုဒ်မ ၃၂၄ အရ ထောင်ဒဏ် (၂) နှစ်သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အား တရားခံ ကိုသက်ဦးကမကျေနပ်၍ မိတ္ထီလာခရိုင်တရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၂/၂၀၀၇ တင်သွင်းရာ ပလပ်ခြင်းခံရသည်။ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၃၆/၂၀၀၇

ကို ဆက်လက်လျှောက်ထားရာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂ အရ ထောင်ဒဏ် (၃) နှစ်၊ ပုဒ်မ ၃၂၄ အရ ထောင်ဒဏ် (၁) နှစ် ပြစ်ဒဏ်နှစ်ရပ်အား တစ်ပေါင်းတည်းကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံ ကိုသက်ဦးကမကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၅၉ (ခ)/ ၂၀၀၇ ကို လျှောက်ထားရာ ပလပ်ခြင်းခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရှိရန်အတွက် တရားရုံးချုပ် (မန္တလေးရုံးထိုင်) သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၃၁/၂၀၀၈ ကို လျှောက်ထားရာ အောက်ဖော်ပြပါပြဿနာအား အထူးအယူခံခုံရုံးဖြင့် ပြန်လည်ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့ခြင်းဖြစ်သည်-

> " အမှုတွဲပါသက်သေခံချက်များအရ တရားခံ သက်ဦး၏ ပြုလုပ်မှုအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ်ချက်ကို ထည့်သွင်းစဉ်းစားသုံးသပ်ခြင်းမရှိဘဲ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေအရ မှန်ကန်ခြင်းရှိ မရှိ။"

အမှုမှာ ၁-၁၂-၂၀၀၆ ရက်နေ့ ၁၇း၄၅ နာရီခန့်က မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ ကျောက်စူးရပ်ရှိ ဦးကြည်မောင်၏ နေအိမ်ခြံဝင်းအတွင်းသို့ တောင်ဘက်ခြံနေ ကိုသက်ဦးဆိုသူက ဝင်ရောက်ပြီး ဘာမျှမပြောမဆိုဘဲ အသင့်ယူလာသော ကတ်ကြေးဖြင့် ဦးကြည်မောင်အားထိုးရာ ဦးကြည်မောင်က လုံးထွေးရှောင်တိမ်းရင်း ဦးကြည်မောင်၏ လက်သူကြွယ်ထိပ်၊ ညာတံတောင်ဆစ်နှင့် ညာဘက်ဒူးတို့တွင် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် ကိုသက်ဦးအပေါ် အရေးယူပေးရန် ဦးကြည်မောင်က တိုင်ကြားရာမှ ပေါ်ပေါက်လာသည့်အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ကိုသက်ဦးသည် အရက်အလွန်အကျွံသောက်သဖြင့် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊

အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည် မိမိ၏ငယ်ပါကို ကိုယ်တိုင် လှီးဖြတ်ခဲ့သောကြောင့် ဒဏ်ရာရရှိပြီး ဆေးကုသခဲ့ရကြောင်း၊ မိတ္ထီလာပြည်သူ့ဆေးရုံကြီးမှ တာဝန်ခံဆရာဝန်နှင့် ဒေါက်တာ စိုးမောင်တို့က ကိုသက်ဦးသည် အရက်ကြောင့် စိတ်ရောဂါခံစားနေရ သော လက္ခဏာများတွေ့ရှိရသည်ဟု ထွက်ဆိုထားကြောင်း၊ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ စိတ်ပေါ့သွပ်သူ၏ပြုလုပ်မှုသည် ပြစ်မှု မမြောက်သောကြောင့် ကိုသက်ဦးအား တရားရုံးအဆင့်ဆင့်က ပြစ်မှု ထင်ရှားစီရင်သည့်အမိန့်ကိုပယ်ဖျက်၍ အမှုများမှ အပြီးအပြတ်လွှတ် ပေးပါရန် လျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး မှ ညွှန်ကြားရေးမှူးက မူလရုံးအမှုတွဲပါ သက်သေခံချက်များအရ ဦးကြည်မောင်၏ နေအိမ်ခြံဝင်းအတွင်းသို့ အိမ်နီးချင်းဖြစ်သူ ကိုသက်ဦးမှ ဝင်ရောက်ပြီး ဘာမှမပြောဘဲ ဦးကြည်မောင်အား ကတ်ကြေးဖြင့်ရန်ပြုရာ ဦးကြည်မောင်၏ ညာဘက်လက်နှင့် ဒူးတို့ တွင် သာမန်ဒဏ်ရာများရရှိခဲ့သည်ဟု ထင်ရှားပေါ်ပေါက်ကြောင်း၊ ကိုသက်ဦးက ၎င်းသည် အရက်ကြောင့် စိတ်ဖောက်ပြန်ဝေဒနာ ခံစားရလေ့ရှိကြောင်း၊ အချင်းဖြစ်သည်ကို မမှတ်မိတော့ကြောင်း ထုချေခဲ့ကြောင်း၊ ဦးလှဝင်း (လိုပြ-၂) က ကိုသက်ဦးသည် အချင်းဖြစ် ပြီး ၎င်း၏ငယ်ပါကိုလှီးဖြတ်၍ ကုသခဲ့ရကြောင်း၊ ကိုသက်ဦးသည် ၎င်း၏မိခင်ကိုလည်း လည်ပင်းညှစ်ဘူးကြောင်း၊ ဒေါ်ခင်စန်းမြင့် (ခံပြ-၃) နှင့် ဒေါက်တာစိုးအောင် (ခံပြ-၄) တို့က ကိုသက်ဦးသည် လွန်ခဲ့သော (၇) နှစ်ခန့်ကပင် အရက်ကြောင့် စိတ်ဝေဒနာဖြစ်၍ ဆေးကုရကြောင်း၊ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးအား ဆေးကုသခဲ့ သူ ဒေါက်တာသူရကိုကို (ခံပြ-၂) က ကိုသက်ဦးသည် အရက် ကြာရှည်စွာသောက်သုံး၍ စိတ်ဝေဒနာခံစားရကြောင်းဖြင့် ထွက်ဆို

ထားကြကြောင်း၊ ကိုသက်ဦး၏ အချင်းမဖြစ်မီ၊ အချင်းဖြစ်ချိန်နှင့် အချင်းဖြစ်ပြီးနောက် ပြုမူချက်များအရ သက်ဦးသည် ပြစ်မှုကျူးလွန်စဉ်က မိမိ၏ပြုလုပ်မှုသည် မည်သည့်သဘောရှိသည်၊ မတော်မမှန်သည်ကိုမသိဘဲ စိတ်ဖောက်ပြန်နေကြောင်း ပေါ်ကြောင်း၊ သက်ဦးသည် စိတ်ရောဂါဝေဒနာ ခံစားနေရသူဖြစ်ကြောင်း သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆရာဝန်၏ ဆေးစာကို နည်းလမ်းတကျ တင်ပြနိုင်ခြင်းမရှိသည်မှအပ အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရကြောင်း ပေါ်ပေါက်နေ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ပါ ကင်းလွတ်ချက်ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း နှင့် ဤအထူးအယူခံမှုအားလက်ခံ၍ တရားရုံးအဆင့်ဆင့်၏အမိန့် ကိုပယ်ဖျက်ပြီး သက်ဦးအား အမှုမှအပြီးအပြတ်လွှတ်သင့်ကြောင်း လျှောက်လဲသည်။

မူလမှုတွင် ဦးကြည်မောင် (လိုပြ-၁)၊ ကိုဝင်းဇော် (လိုပြ-၃) နှင့် ဒေါ်တင်ဦး (လိုပြ-၆) တို့၏ထွက်ချက်အရ အချင်းဖြစ်နေ့နံနက်က အယူခံတရားလို ကိုသက်ဦးသည် ဦးကြည်မောင်၏နေအိမ်ခြံဝမှနေ၍ကြည့်နေသဖြင့် ဦးကြည်မောင်က အလှူခံထင်၍ ငါ့ညီ ဒီနေရာမှာနေနေတာ ပိုက်ဆံတောင်းချင်ရင် ဟိုဘက်သွားရန်ပြောရာ ကိုသက်ဦးက ထွက်မသွားဘဲ အိမ်ခြံဝင်းအတွင်းသို့ဝင်လာပြီး မည်သို့မျှ မပြောဆိုဘဲ အသင့်ပါလာသည့်ကတ်ကြေးဖြင့် အိမ်တံစက်မြိတ် အောက်တွင် ဦးကြည်မောင်အား ၃ ကြိမ်ထိုးရာ ဦးကြည်မောင်၏ လက်သူကြွယ်ထိပ်၊ ညာတံတောင်ဆစ်နှင့် ညာဘက်ဒူးတို့တွင် သာမန်ဒဏ်ရာများရရှိခဲ့ကြောင်း ပေါ်ပေါက်သည်။ ဒေါ်တင်နွဲ့ (လိုပြ-၇) ၏ အော်သံကြောင့် ရောက်လာကြသည့် ကိုဝင်းဇော် (လိုပြ-၃)၊ ကိုဖုန်းကျော် (လိုပြ-၅) တို့အား ကိုသက်ဦး က မင်းတို့နဲ့မဆိုင်ဘူး၊ ဝင်မရှုပ်နဲ့၊ မဆိုင်သူရှေ့မတိုးနဲ့ဟု ပြော၍ ခြံထဲမှထွက်သွားကြောင်း

ပေါ်ပေါက်သည်။

ကိုသက်ဦးက ၎င်းသည် အရက်ကြောင့် စိတ်ဝေဒနာခံစားနေရကြောင်း၊ ၎င်း၏ခြံထဲတွင် နှင်းဆီပန်းကိုင်းများဖြတ်ရင်း စိတ်ဖောက်ပြန်သွား၍ ဦးကြည်မောင်ကို မည်သို့ပြုလုပ်မိသည်ကိုမသိကြောင်း၊ ၎င်းအား ကုသသည့်ဆရာဝန်များကို သက်သေပြု၍ ထုချေခဲ့သည်။ ဒေါက်တာသူရကိုကို (ခံပြ-၂) နှင့် ဒေါက်တာစိုးအောင် (ခံပြ-၄) တို့က ကိုသက်ဦးသည် အရက်အလွန်အကျွံသောက်၍ စိတ်ကြောင်ရောဂါကြောင့် စိတ်ဖောက်ပြန်သည့်လက္ခဏာရှိကြောင်း ထွက်ဆိုသော်လည်း အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဖောက်ပြန်ခြင်းရှိ မရှိ မသိနိုင်ကြောင်း၊ စိတ်ရောဂါအထူးကုဆရာဝန်သာ သိရှိနိုင်ကြောင်း ထွက်ဆိုချက်အရ အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ပေါ့သွပ်နေကြောင်း ထင်ရှားပေါ်လွင်ခြင်းမရှိပေ။

တစ်ဖန် ကိုသက်ဦးသည် ဦးကြည်မောင်အား ကတ်ကြေးဖြင့် ထိုးပြီးနောက် အနီးသို့ရောက်လာသည့် ဦးကြည်မောင်၏ အလုပ်သမားများအား မင်းတို့နဲ့မဆိုင်ဘူး၊ ဝင်မရှုတ်နဲ့ မဆိုင်သူရှေ့မတိုးနဲ့ဟု ပြောဆိုခဲ့ခြင်းကြောင့် ကိုသက်ဦးသည် ဦးကြည်မောင်အား ရန်ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း၊ မိမိ၏ ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း သိရှိနိုင်သည့် အခြေအနေရှိကြောင်း ပေါ်ပေါက်သည်။ အချင်းဖြစ်ပြီးနောက် ကိုသက်ဦးသည် မိမိ၏ငယ်ပါကို လှီးဖြတ်ခြင်းကြောင့် စိတ်ဖောက်ပြန် စိတ်ပေါ့သွပ်နေသူဖြစ်သည်ဟု ကောက်ယူနိုင်ခြင်းမရှိပေ။

ဤအမှုတွင် အချင်းဖြစ်ချိန်က တရားခံသည် စိတ်ဝေဒနာခံစားနေရသူဖြစ်ကြောင်း၊ သက်ဆိုင်ရာ စိတ်ရောဂါအထူးကုဆရာဝန်၏ ဆေးစာအား နည်းလမ်းတကျ တင်ပြနိုင်ခြင်းမရှိသည့်ပြင်

အချင်းဖြစ်ချိန်က ကိုသက်ဦးသည် စိတ်ဝေဒနာခံစားနေရသူတစ်ဦး ဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် ကျူးလွန်ခဲ့သည့်ပြစ်မှုနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ အရ ပြစ်မှုကင်းလွတ်ခွင့် ရနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ဤအထူးအယူခံမှုအား ပလပ်သည်။ ကိုသက်ဦးအား ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တရားရုံးအဆင့်ဆင့်၏အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။